This VIS translation is out of date. When you give your patient this translation, also give them the up-to-date English version of it.
To get both, and to find out what was updated, go to www.immunize.org/vis

# ဆုံဆို့နာ၊ မေးခိုင်ရောဂါနှင့် ကြက်ညှာချောင်းဆိုး ကာကွယ်ဆေးများ

## သိသင့်သည့်အချက်များ

## 1 ကာကွယ်ဆေး ဘာလို့ ထိုးရမလဲ၊

**ဆုံဆို့နာ၊ မေးခိုင်ရောဂါနဲ့ ကြက်ညှာချောင်းဆိုးတို့ဟာ ဘက်တီးရီးယားကြောင့်ဖြစ်တဲ့ အန္တရာယ်ကြီးတဲ့ ရောဂါတွေ ဖြစ်ပါတယ်။** ဆုံဆို့နာနဲ့ ကြက်ညှာချောင်းဆိုးတို့ဟာ လူတယောက်က တယောက်ကို ကူးပါတယ်။ မေးခိုင်ရောဂါပိုးက ကိုယ်ခန္ဓာထဲကို ထိခိုက် ရှနာတို့ကတဆင့် ဝင်ပါတယ်။

**ဆုံဆို့နာ**ကြောင့် လည်ချောင်းအနောက်ထဲမှာ အမြှေးထူတခု ဖုံးအုပ်နေပါတယ်။

- ဒါကြောင့် အသက်ရှူရခက်ခဲတာတွေ၊ သွက်ချာပါဒလိုက်တာ၊ နှလုံးခုန်ရပ်တာနဲ့ သေတာတို့တောင် ဖြစ်နိုင်ပါတယ်။

**မေးခိုင်ရောဂါ (တဲတနပ်စ်)** ကြောင့် ကြွက်သားတွေ သာမန်အားဖြင့် တကိုယ်လုံး တင်းပြီးနာတာတို့ ဖြစ်ပါတယ်။

- ဒါကြောင့် မေး "ခိုင်"သွားပြီး ဝေဒနာရှင်က ပါးစပ်မဖွင့်နိုင် မြိုမချနိုင် ဖြစ်နိုင်ပါတယ်။ တဲတနပ်စ်ကြောင့် ၁၀ ယောက်မှာ ၁ ယောက်လောက် သေနိုင်ပါတယ်။

**ကြက်ညှာချောင်းဆိုး (ပယ်တုစီးစ်)** ကြောင့် ချောင်းအရမ်းဆိုးပြီး မွေးကင်းစတွေ စားရသောက်ရာမှာ ဒါမှမဟုတ် အသက်ရှူရာမှာ အခက်အခဲ ရှိပါတယ်။ ဒီလိုဖြစ်တာ အပတ်ပေါင်းများစွာ ကြာနိုင်ပါတယ်။

- ဒီလိုဖြစ်လို့ အဆုတ်အအေးမိတာ၊ တက်တာ (ကြွက်သားတွေ ရှန်းပြီး တနေရာတည်းစိုက်ကြည့်နေတာတွေ)၊ ဦးနှောက်ထိခိုက်တာနဲ့ သေတာတို့ ဖြစ်နိုင်ပါတယ်။

**ဆုံဆို့နာ၊ မေးခိုင်နဲ့ ကြက်ညှာချောင်းဆိုး (DTaP) ကာကွယ်ဆေးက ဒီရောဂါတွေကို ကာကွယ်ရာမှာ အထောက်အကူ ဖြစ်နိုင်ပါတယ်။** DTaP ကာကွယ်ဆေးထိုးထားတဲ့ကလေးတွေက ကလေးဘဝတလျှောက်လုံး အကာအကွယ်ရထားပါတယ်။ ဒီကာကွယ်ဆေးတွေ မထိုးပေးတော့ရင် ကလေးတွေအများကြီး ဒီရောဂါတွေ ရပါမယ်။

DTaP က DTaP လို့ခေါ်တဲ့ အရင်ကဆေးထက် ပိုအန္တရာယ် ကင်းပါတယ်။ DTaP ကို အမေရိကန်နိုင်ငံမှာ မသုံးတော့ပါဘူး။

## 2 ဘယ်သူ DTaP ထိုးရမလဲ၊ ဘယ်တော့ ထိုးရမလဲ၊

**ကလေးတွေက** အောက်ပါအရွယ်တွေမှာ တကြိမ်စီ DTaP ကာကွယ်ဆေး 5 ကြိမ် ထိုးရပါမယ်။

✓ 2 လ ✓ 4 လ ✓ 6 လ
✓15 လ က 18 လ ✓ 4 နှစ် က 6 နှစ်

တခြားကာကွယ်ဆေးတွေ ထိုးတဲ့အချိန်မှာပဲ DTaP ထိုးနိုင်ပါတယ်။

## 3 တချို့ကလေးတွေကို DTaP ကာကွယ်ဆေး မထိုးသင့်ပါဘူး၊ ဒါမှမဟုတ် စောင့်ပြီး နောက်မှ ထိုးသင့်ပါတယ်။

- အအေးမိတာလို အသေးအဖွား ဖျားနာတဲ့ကလေးတွေကို ကာကွယ်ဆေးထိုးနိုင်ပါတယ်။ ဒါပေမဲ့ အတော်အသင့် ဒါမှမဟုတ် အရမ်းဖျားနေတဲ့ကလေးကိုတော့ နေကောင်းတဲ့အထိစောင့်ပြီးမှ DTaP ကာကွယ်ဆေး ထိုးလေ့ရှိပါတယ်။

- DTaP တကြိမ်ထိုးပြီး အသက်အန္တရာယ်ရှိလောက်အောင် မတည့်တဲ့ကလေးကိုတော့ နောက်တကြိမ် မထိုးသင့်ပါဘူး။

- DTaP တကြိမ်ထိုးပြီး 7 ရက်အတွင်း ဦးနှောက် ဒါမှမဟုတ် နာဗ်ကြောရောဂါဖြစ်တဲ့ကလေးကို နောက်တကြိမ် မထိုးရပါဘူး။

- ဆရာဝန်နဲ့ ပြောပါ။
  - DTaP တကြိမ်ထိုးပြီး တက်ရင် ဒါမှမဟုတ် လဲခွေသွားရင်၊
  - DTaP တကြိမ်ထိုးပြီး 3 နာရီ ဒါမှမဟုတ် 3 နာရီကျော်အောင် မရပ်မနား ငိုရင်၊
  - DTaP တကြိမ်ထိုးပြီး အပူချိန် 105 ဒီဂရီကျော် ရှိရင် ဆရာဝန်နဲ့ ပြောပါ။

အချက်အလက်ပိုမိုသိလိုပါက ဆရာဝန်ကို မေးပါ။
တချို့ကလေးတွေကို ကြက်ညှာချောင်းဆိုးကာကွယ်ဆေး နောက်တကြိမ် မထိုးပေးရပေမဲ့ DT လို့ခေါ်တဲ့ ကြက်ညှာချောင်းဆိုး မပါတဲ့ ကာကွယ်ဆေးထိုးပေးနိုင်ပါတယ်။

## 4 ပိုကြီးသည့်ကလေးများနှင့် အရွယ်ရောက်သူများ

အသက် 7 နှစ်နဲ့ 7 နှစ်အထက်တို့ကို DTaP မထိုးရပါဘူး။ ကြက်ညှာချောင်းဆိုးကာကွယ်ဆေးကို 7 နှစ်အောက် ကလေးတွေအတွက်ပဲ သုံးခွင့်ပြုထားပါတယ်။

ဒါပေမဲ့ အသက်ပိုကြီးတဲ့ကလေးတွေ၊ ဆယ်ကျော်သက်တွေနဲ့ အရွယ်ရောက်သူတွေက မေးခိုင်နဲ့ ဆုံဆို့နာတို့ ကာကွယ်ဖို့ လိုပါသေးတယ်။ Td လို့ခေါ်တဲ့ ဆေးအားဖြည့်ဆေးကို အသက် 11 နှစ်က 12 နှစ်အရွယ် ကလေးတွေထိုးဖို့နဲ့ 10 နှစ် တခါ ထိုးဖို့ အကြံပြုထားပါတယ်။ Td ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့ သီးခြား ကာကွယ်ဆေး အချက်အလက်တွေ ရှိပါတယ်။

## 5 DTaP ကာကွယ်ဆေးမှာ ဘယ်လိုအန္တရာယ် တွေ ရှိသလဲ။

ဆုံဆို့နာ၊ မေးခိုင်၊ ဒါမှမဟုတ် ကြက်ညှာချောင်းဆိုးရောဂါတွေဖြစ်တာက DTaP ကာကွယ်ဆေးထိုးတာထက် အန္တရာယ် ပိုကြီးပါတယ်။

ဒါပေမဲ့ တခြားဆေးတွေလိုပဲ ကာကွယ်ဆေးဟာလည်း ဆေးနဲ့ မတည့်တာလို ကြီးမားတဲ့ ပြဿနာတွေ ဖြစ်စေနိုင်ပါတယ်။ DTaP ကာကွယ်ဆေးကြောင့် ကြီးလေးတဲ့အန္တရာယ် ဒါမှမဟုတ် သေဆုံးတာတို့ အရမ်းဖြစ်ခဲပါတယ်။

### (ဖြစ်လေ့ရှိသည့်) သေးငယ်သောအန္တရာယ်များ

- ကိုယ်အပူချိန်တက်တာ (ကလေး 4 ယောက်မှာ 1 ယောက်လောက်အထိ)
- ဆေးထိုးတဲ့နေရာမှာ နီတာ ဒါမှမဟုတ် ရောင်တာ (ကလေး 4 ယောက်မှာ 1 ယောက်လောက်အထိ)
- ဆေးထိုးတဲ့နေရာမှာ အနာဖြစ်တာ နာတာ (ကလေး 4 ယောက်မှာ 1 ယောက်လောက်အထိ)

ဒီပြဿနာတွေက စောစောပိုင်းက DTaP ဆေးတွေ ထိုးတာတွေထက်စာရင် လေးကြိမ်မြောက် ဒါမှမဟုတ် ငါးကြိမ်မြောက် ထိုးတဲ့အခါမှာ ပိုဖြစ်လေ့ရှိပါတယ်။ တခါတလေ လေးကြိမ်မြောက် ဒါမှမဟုတ် ငါးကြိမ်မြောက် DTaP ကာကွယ်ဆေးထိုးပြီးတဲ့အခါ 1 ရက်က 7 ရက်ကြာအောင် (ကလေး အယောက် 30 မှာ 1 ယောက်လောက်အထိ) ဆေးထိုးထားတဲ့ လက်တခုလုံး ဒါမှမဟုတ် ခြေထောက်တခုလုံး ရောင်တတ်ပါတယ်။

**တခြားသေးငယ်တဲ့ပြဿနာတွေထဲမှာ**

- ဂျီကျတာ (ကလေး 3 ယောက်မှာ 1 ယောက်လောက်အထိ)
- မောတာ ဒါမှမဟုတ် အစားအသောက်ပျက်တာ (ကလေး 10 ယောက်မှာ 1 ယောက်လောက်အထိ)
- အန်တာ (ကလေး အယောက် 50 မှာ 1 ယောက်လောက်)စတာတို့ ပါပါတယ်။

ဆေးထိုးပြီး 1 ရက်က 3 ရက် အတွင်း ဒီပြဿနာတွေ ဖြစ်တတ်ပါတယ်။

### (ဖြစ်ခဲသည့်) မပြင်းထန်သည့် ပြဿနာများ

- တက်တာ (ကြွက်သားတွေ ရုန်းပြီး တနေရာတည်းစိုက်ကြည့်နေတာ) (ကလေး အယောက် 14,000 မှာ 1 ယောက်လောက်)
- 3 နာရီ ဒါမှမဟုတ် ၃နာရီကျော်ကြာ မရပ်မနား ငိုတာ (ကလေးအယောက် 1,000 မှာ 1 ယောက်လောက်အထိ)
- 105 ဒီဂရီဖာရင်ဟိုက်ကျော် ကိုယ်အပူချိန်အရမ်းမြင့်တာ (ကလေးအယောက် 16,000 မှာ တယောက်လောက်)

### (အလွန်ဖြစ်ခဲသည့်) ပြင်းထန်သည့် ပြဿနာများ

- ပြင်းပြင်းထန်ထန် ဆေးနဲ့မတည့်တာ (အကြိမ် တသန်းဆေးထိုးရာမှာ တကြိမ်အောက်)
- DTaP ကာကွယ်ဆေးထိုးရာက တခြားကြီးလေးတဲ့ပြဿနာတွေဖြစ်တတ်ပါတယ်။ ဒါတွေထဲမှာ
  - ရေရှည် တက်တာ၊ ရေရှည် မေ့မြောတာ၊ ဒါမှမဟုတ် သတိရှိနေမှု လျော့နည်းသွားတာ
  - ရာသက်ပန် ဦးနှောက်ထိခိုက်တာတို့ ပါပါတယ်။

  ဒါတွေက ဖြစ်ခဲလွန်းလို့ ကာကွယ်ဆေးကြောင့် ဖြစ်တာ ဟုတ်မဟုတ် ပြောဖို့ ခက်ပါတယ်။

---

ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် တက်ဖူးတဲ့ကလေးတွေကို ကိုယ်အပူချိန်ထိန်းဖို့ အထူးအရေးကြီးပါတယ်။ မိသားစုထဲက တခြားလူတွေ တက်ဖူးရင်လည်း အရေးကြီးပါတယ်။ ဆေးထိုးတဲ့အခါနဲ့ ထိုးပြီး 24 နာရီအတွက် ကလေး ကိုယ်အပူချိန်ကျအောင်နဲ့ နာတာ သက်သာအောင် *အက်စပရင်မပါတဲ့* ဆေးကို ဆေးထုပ်မှာပါတဲ့ ညွှန်ကြားချက်အတိုင်း တိုက်နိုင်ပါတယ်။

## 6 ဆေးနဲ့ အသင့်အတင့် ဒါမှမဟုတ် အကြီးအကျယ် မတည့်ရင် ဘာလုပ်ရမလဲ။

### ဘာတွေ ရှာရမလဲ။

ဆေးနဲ့ အကြီးအကျယ်မတည့်တာ၊ အဖျားကြီးတာ ဒါမှမဟုတ် အပြုအမူပြောင်းလဲတာလိုမျိုး ခါတိုင်းနဲ့ မတူတဲ့ အခြေအနေတွေ။ ဆေးနဲ့ အကြီးအကျယ် မတည့်တာက ကာကွယ်ဆေးတွေနဲ့ အရမ်းဖြစ်ခဲပါတယ်။ တကယ်လို့ ဖြစ်ခဲ့ရင် ဆေးထိုးပြီး မိနစ်အနည်းငယ်က နာရီအနည်းငယ်အတွင်း ဖြစ်ဖို့များပါတယ်။ လက္ခဏာတွေထဲမှာ အသက်ရှူရခက်ခဲတာ၊ အသံအက်တာ ဒါမှမဟုတ် ရှူသလိုပ်သံနဲ့အသက်ရှူတာ၊ အင်ပျဉ်ထတာ၊ ဖြူဖတ်ဖြူလျော်ဖြစ်တာ၊ အားနည်းတာ၊ နှလုံးခုန်မြန်တာ ဒါမှမဟုတ် ခေါင်းမူးတာတို့ ပါပါတယ်။ ကိုယ်ပူချိန်မြင့်တာ ဒါမှမဟုတ် တက်တာတို့ ဖြစ်ခဲ့ရင် ဆေးထိုးပြီး တပတ် နှစ်ပတ်အတွင်း ဖြစ်ပါမယ်။

### ဘာလုပ်ရမလဲ။

- ဆရာဝန်ဆီ **တယ်လီဖုန်းဆက်ပါ**။ ဒါမှမဟုတ် လူနာကို ဆရာဝန်ဆီ ချက်ချင်းခေါ်သွားပါ။
- ဘာဖြစ်သလဲ၊ ဘယ်နေ့ ဘယ်အချိန်မှာ ဖြစ်သလဲ၊ ကာကွယ်ဆေး ဘယ်တုန်းကထိုးသလဲဆိုတာ ဆရာဝန်ကို **ပြောပါ**။
- ဆရာဝန်၊ သူနာပြု ဒါမှမဟုတ် ကျန်းမာရေးဌာနကို ကာကွယ်ဆေးထိခိုက်မှုတိုင်ကြားခြင်းစနစ် (Vaccine Adverse Event Reporting System - VAERS) ပုံစံဖြည့်ပြီး ဒီလိုဖြစ်တာကို **တိုင်ကြားခိုင်းပါ**။

ဒါမှမဟုတ် VAERS ရဲ့အင်တာနက်ဝက်ဘ်ဆိုဒ် www.vaers.org သွားပြီး ဒါမှမဟုတ် 1-800-822-7967 ကို တယ်လီဖုန်းဆက်ပြီး သင်ကိုယ်တိုင် တိုင်ကြားနိုင်ပါတယ်။ *VAERS က ကျန်းမာရေးဆိုင်ရာ အကြံပေးချက်တွေ မလုပ်ပါဘူး။*

## 7 နိုင်ငံတော် ကာကွယ်ဆေးထိခိုက်မှု လျော်ကြေးအစီအစဉ်

အရမ်းဖြစ်ခဲပေမဲ့ သင် ဒါမှမဟုတ် သင့်ကလေးဟာ ကာကွယ်ဆေးတခုခုနဲ့ မတည့်ခဲ့ရင် အန္တရာယ်ကြုံရသူတွေကို စောင့်ရှောက်လို့ ကုန်ကျစရိတ်အတွက် အထောက်အကူပေးဖို့ နိုင်ငံတော် အစီအစဉ်တရပ် ဖန်တီးထားပါတယ်။

နိုင်ငံတော် ကာကွယ်ဆေးထိခိုက်မှု လျော်ကြေးအစီအစဉ် (National Vaccine Injury Compensation Program)နဲ့ပတ်သက်ပြီး အသေးစိတ်သိလိုပါက **1-800-338-2382** ကို တယ်လီဖုန်းဆက်ပါ၊ ဒါမှမဟုတ် ဒီအစီအစဉ်ရဲ့ အင်တာနက်စာမျက်နှာ **www.hrsa.gov/osp/vicp** မှာ ဖတ်ပါ။

## 8 ဒီအကြောင်း ပိုသိအောင် ဘယ်လိုလုပ်ရမလဲ။

- သင့်ဆရာဝန် ဒါမှမဟုတ် သူနာပြုကို မေးပါ။ ကာကွယ်ဆေးဆိုင်ရာ လက်ကမ်းစာစောင် ပေးနိုင်ပါတယ်၊ ဒါမှမဟုတ် အချက်အလက်တွေ ရနိုင်တဲ့ တခြားနေရာတွေ ပြောပြနိုင်ပါတယ်။
- ဒေသခံ ဒါမှမဟုတ် ပြည်နယ် ကျန်းမာရေးဌာနရဲ့ ကာကွယ်ဆေးအစီအစဉ်ကို တယ်လီဖုန်းဆက်ပါ။
- ရောဂါထိန်းသိမ်းရေးနှင့်ကာကွယ်ရေးဌာန (Centers for Disease Control and Prevention - CDC) ကို ဆက်သွယ်ပါ။
  - **1-800-232-4636 (1-800-CDC-INFO)** ကို တယ်လီဖုန်းဆက်ပါ။
  - နိုင်ငံတော်ကာကွယ်ဆေးအစီအစဉ်ရဲ့ အင်တာနက်စာမျက်နှာ **www.cdc.gov/nip** ကို ဖတ်ပါ။

**U.S. DEPARTMENT OF HEALTH & HUMAN SERVICES**
Centers for Disease Control and Prevention
National Immunization Program

Vaccine Information Statement
DTaP IMM-509E - Burmese (7/30/01) 42 U.S.C. § 300aa-26
Translated by Transcend, Davis, CA
www.transcend.net